# ပါဆယ်အာမခံ

ပါဆယ်ပစ္စည်းများ တစ်နေရာမှတစ်နေရာသို့ပေးပို့စဉ် မတော်တဆဖြစ်ရပ်များကြောင့်ပျက်စီး၊ ပျောက်ဆုံးခြင်းများအတွက် လျော်ကြေးပြန်လည်ရရှိနိုင်သော အာမခံအမျိုးအစားဖြစ်ပါသည်။

| | | |
|---|---|---|
| **အာမခံထားခွင့်ရှိသူ** | - | အာမခံထားခွင့်ရှိသူ/ ပါဆယ်ပိုင်ရှင်သည် ၎င်းတို့၏ပါဆယ်ပစ္စည်းများကို ပါဆယ်ပို့သူထံ လာရောက်အပ်နှံသူ ဖြစ်ပါသည်။ |
| **အာမခံအကာအကွယ်** | - | ပါဆယ်ပို့ဆောင်စဉ်အတွင်း မတော်တဆပျောက်ဆုံးမှုနှင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ။ |
| **အာမခံထားငွေ** | - | ပါဆယ်ထုပ်တစ်ခု၏အမှန်တန်ဖိုး သို့မဟုတ် အဆိုလွှာတွင်ဖော်ပြသော တန်ဖိုး (ကျပ်-၁,၀၀၀,၀၀၀/- ထက် မပိုစေရပါ။) |
| **အာမခံသက်တမ်း** | - | ပါဆယ်စတင်သယ်ဆောင်သည့်အချိန်မှစပြီး လက်ခံသူမှ ပါဆယ်လက်ခံရရှိပြီးသည့်အချိန်အထိ။ |
| **ပရီမီယံနှုန်း** | - | အာမခံထားငွေ၏ ၁.၂၅% |

## ပါဆယ်အာမခံဝယ်ယူခြင်းဖြင့်ရရှိနိုင်သော အကျိုးကျေးဇူးများ

ပါဆယ်ပို့ဆောင်သည့်ခရီးစဉ်အတွင်း မတော်တဆထိခိုက်မှုများကြောင့် ပျက်စီးခြင်းနှင့် ပျောက်ဆုံးခြင်း၊ သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးခြင်းနှင့် ပျောက်ဆုံးခြင်း၊ မီးလောင်ခြင်းပေါက်ကွဲခြင်းကြောင့် ပျက်စီးခြင်းနှင့် ပျောက်ဆုံးခြင်း၊ ခိုးယူ၊ လုယက်၊ ဓါးပြတိုက်ခြင်းများကြောင့် ပျက်စီးဆုံးရှုံးခြင်း နှင့် ပျောက်ဆုံးခြင်း။ ပါဆယ်ပို့သူများ ပစ္စည်းများအား တစ်နေရာမှ တစ်နေရာသို့ သယ်ယူပို့ဆောင်သည့် ခရီးစဉ်နှောင့်နှေးခြင်းကြောင့် ပေါ်ပေါက်သော ပျက်စီးခြင်းနှင့်ပျောက်ဆုံးခြင်း၊ စစ်ဘေးအန္တရာယ်၊ အဓိကရုဏ်း၊ သပိတ်၊ မသမာဖျက်စီးမှု နှင့် ဆူပူမငြိမ်သက်မှုများကြောင့် ဖြစ်ပေါ်သော ဆုံးရှုံးခြင်းများအတွက် အကာအကွယ်ရရှိနိုင်ပါသည်။

## လျော်ကြေးခံစားခွင့်

ပါဆယ်ပစ္စည်း လုံးဝ ပျောက်ဆုံးခြင်း နှင့် ပျက်စီးခြင်းများအတွက် ပေါ်လစီဝယ်ယူစဉ်ကဖော်ပြခဲ့သော ပါဆယ်တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်းကိုသော်လည်းကောင်း၊ ပါဆယ်ပစ္စည်း တစ်စိတ်တစ်ဒေသပျက်စီးခြင်းအတွက် ပျက်စီးမှုအတိုင်းအတာပေါ်မူတည်ပြီး လျော်ကြေးတောင်းခံနိုင်ပါသည်။

ပါဆယ်အာမခံအကြောင်းအသေးစိတ်သိရှိလိုပါက FNI (General) ရုံးချုပ် နှင့် ရုံးခွဲများသို့လည်းကောင်း၊ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရုံးချုပ်**
အမှတ်(၄၀၀/၄၀၆)၊ ကုန်သည်လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
E-mail:customerservices@fnigeneral.com
**CALL CENTER 01-9010900**